## ရှင်ပဏ္ဍိတ အကြောင်း

**မဟာဒုဂ်။** ။ကဿပမြတ်စွာဘုရားလက်ထက်တော်၌ အလွန် ဆင်းရဲလှသဖြင့် "မဟာဒုဂ္ဂတ(မဟာဒုဂ်)"ဟု ထင်ရှားသော သူဆင်းရဲတယောက်သည် ကဿပဘုရားရှင်အား ငါးကြင်းသားဖြင့် ဆွမ်းလှူရသော ကောင်းမှုကြောင့် ထိုဘဝမှာပင် သူဌေးကြီးဖြစ်ရသည့်တိုင်အောင် ကောင်းမှု၏ အကျိုးကို ခံစားရလေသည်။

**ဒါနရှင်သန္ဓေတည်ပုံ။** ။တဘဝလုံး အလှူဒါနပြုကာ စုတေသောအခါဝယ် နတ်ပြည်သို့ ရောက်လေသည်၊ နတ်ပြည်၌ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်ပြီးနောက် ငါတို့၏ ဘုရားလက်ထက်တော်သို့ ရောက်သောအခါ သာဝတ္ထိမြို့တော်ဝယ် အရှင်သာရိပုတြာကို ကိုးကွယ်သော သူဌေးမျိုး၌ပင် ပဋိသန္ဓေတည်နေလာလေသည်။

**မိခင် ချင်ခြင်းဖြစ်ပုံ။** ။ထိုသူငယ် ကိုယ်ဝန်ရှိနေစဉ် မိခင် အမျိုးသမီးသည် အရှင်သာရိပုတြာနှင့်တကွ သံဃာတော်ငါးရာကို ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးလျှင် မိမိကိုယ်တိုင်လည်း သင်္ကန်းရောင်အဝတ်ကိုဝတ်၍ သံဃာတော်များ၏ အစွန်ဆုံးနေရာ၌နေကာ ဆွမ်းအကျန်ကို စားလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်လေသည်။ [ထိုပြင်းပြသော အလိုဆန္ဒကို "ချင်ခြင်း"ဟု ခေါ်၏။]

**မောင်ပဏ္ဍိတ။** ။ထိုသို့ဆန္ဒဖြစ်ပုံကို မိဘများအား ပြောပြ၍ ထိုဆန္ဒအတိုင်းပင် ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်ပြီးနောက် အမျိုးသမီးလည်း အကြွင်းအကျန်ကို စားသောက်လေသည်၊ ထိုသူငယ် ကိုယ်ဝန်တည်ချိန်မှစ၍